# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

NEWSLETTER VOLUME NO. 25

DATED: 29th Dec 2023

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၃) သို့တက်ရောက်အမှာစကား ပြောကြား (တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားသည့် ပြည်သူလူထုနှင့် တစ်သားတည်းရှိ) |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား |
| ၃။ | ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက လက်ရောက်အပ်နှင်း |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေး ကောင်စီ အတွင်းရေးမှူး H.E. Mr. Nikola PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့် |
| ၅။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား |
| ၆။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား |
| ၇။ | ကော်ဖီစိုက်ပျိုးရေးသည် ပြင်ဦးလွင်ဒေသနှင့် ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ စီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို မပြတ်မနေ ဆောင်ရွက်သွားရမည် |

| | |
|---|---|
| ၈။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီ နေရပ်စွန့်ခွာ ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေး |
| ၉။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လေယာဉ် များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့် |
| ၁၀။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဗီဒီယို ကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေး |
| ၁၁။ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံ |
| ၁၂။ | ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေ စိုးမိုး ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် ဆွေးနွေးပွဲကျင်းပ |
| ၁၃။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ က မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၁၄။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ က မြန်မာနိုင်ငံ ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၁၅။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ တို့ တွေ့ဆုံဆွေးနွေး |
| ၁၆။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘောဒီးယား နိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီးအာ တို့ တွေ့ဆုံဆွေးနွေး |
| ၁၇။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာ တို့ တွေ့ဆုံ ဆွေးနွေး |
| ၁၈။ | တရုတ်နိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက် |
| ၁၉။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ် ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး မစ္စတာ ရှီယွီကန်း တို့ တွေ့ဆုံ ဆွေးနွေး |

| | |
|---|---|
| ၂၀။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Ramanathan Balakrishnan အား လက်ခံတွေ့ဆုံ |
| ၂၁။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အားလက်ခံတွေ့ဆုံ |
| ၂၂။ | ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနကိုယ်စားလှယ် Ms. Elena Ajmone Sessera ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ |
| ၂၃။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်ကအပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ |
| ၂၄။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး က မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ |
| ၂၅။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး (၂၀) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ |
| ၂၆။ | နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးက ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ ဗန်ကောက်မြို့အခြေစိုက်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၏ ညွှန်ကြားရေးမှူး Mr. Pio Smith အား လက်ခံတွေ့ဆုံ |
| ၂၇။ | အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ် အာဆီယံကော်မတီ (တိုကျို) ဧည့်ခံပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၂၈။ | (၃၁၉) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို) အစည်းအဝေးနှင့် အာဆီယံကော်မတီ (တိုကျို) ၏ အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၂၉။ | အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု နှစ် (၅၀) ပြည့် အထိမ်းအမှတ် ထိပ်သီး အစည်းအဝေးအကြို အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၃၀။ | IKEBANA International Fair 2023 သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ ပါဝင်ဆင်နွှဲ |
| ၃၁။ | ၂၀၂၃ ခုနှစ်၊ (၁၁) လအတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသွား ဦးရေ စုစုပေါင်း ၂.၅ သိန်း ဝင်ရောက်ခဲ့ခြင်း |
| ၃၂။ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမ ၈ လတာကာလအတွင်း ပြည်ပသို့ ဆန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၆၁ သန်း ရရှိခဲ့ |

| | |
|---|---|
| ၃၃။ | အမေရိကန်၊ ဂျပန်၊ ကိုရီးယား နိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၂) နိုင်ငံကို မြန်မာ့အထည်အလိပ်ကို အဓိက တင်ပို့နေ |
| ၃၄။ | အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလ ၂ လအတွင်း မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၁ သန်းနှင့် ပဲစင်းငုံ တန်ချိန် ၄ သိန်း တင်သွင်းသွားမည် |
| ၃၅။ | တောင်ကိုရီးယားနှင့် ဂျပန်တို့မှ မြန်မာ့ဆားကြမ်းကို တန်ချိန် ရာနှင့်ချီဝယ်ယူရန် ကမ်းလှမ်းထား |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၃) သို့တက်ရောက်အမှာစကား ပြောကြား (တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားသည့် ပြည်သူလူထုနှင့် တစ်သားတည်းရှိ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် က အမှာစကား ပြောကြားရာတွင် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေအရ စစ်ကိုင်းတိုင်း ဒေသကြီး နှင့် မကွေးတိုင်း ဒေသကြီးတို့မှ အစွန်းရောက်သည့် လူငယ်များကို KIA စခန်းများ၌ စစ်ရေးလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊ တပ်များဖွဲ့စည်းပေးခြင်းနှင့် လက်နက် ခဲယမ်းများ တပ်ဆင်ပေးခြင်းများကို အသစ်ဖွဲ့စည်းသည့် KIA တပ်မဟာ (၈) က အဓိက ဆောင်ရွက်ခဲ့ကြောင်း၊ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်း၍ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ယခုအချိန်အထိ အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသတွင် တပ်မတော်နှင့် MNDAA ပူးပေါင်းအဖွဲ့များ တိုက်ပွဲဖြစ်ပွားနေချိန်၌ KIA အဖွဲ့ အနေဖြင့် ကချင် ပြည်နယ်အတွင်းရှိ တပ်မတော်စခန်းငယ်တစ်ခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော် အနေဖြင့် လက်တုံ့ပြန် တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရကြောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီးများ အတွင်း၌ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရာတွင် KIA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသာမက AA အဖွဲ့များပါ ပူးပေါင်း၍ စစ်ကိုင်းတိုင်း ဒေသကြီး အတွင်းရှိ ထီးချိုင့်၊ ကန့်ဘလူ၊ ကောလင်း၊ တမူး၊ ခမ်းပတ်မြို့များကို ဝင်ရောက်ပစ်ခတ် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ လိုင်းလင်းပီ မြို့များကိုလည်း၊ ပစ်ခတ် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တပ်မတော် အနေဖြင့် နိုင်ငံတော် ကာကွယ်ရေးတွင် တာဝန်ရှိသည့်အတွက် သောင်းကျန်းသူများကို ဖိဖိစီးစီး ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်မထိခိုက်ရေးတို့အတွက်ကိုလည်း တပ်မတော်သားများ အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ နိုင်ငံရေးတည်ဆောက်မှု အခန်းကဏ္ဍမှာ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာ ဖြစ်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နောက်တစ်ချက်အနေဖြင့် သတင်းအတုများနှင့် ပတ်သက်၍ မဟုတ်မမှန် ဖြန့်ဝေလျက် ရှိသည်ကို တွေ့ရှိရကြောင်း၊

မဖြစ်နိုင်ဖွယ် သတင်းမှား၊ သတင်းအတုများဖြစ်သော်လည်း ပြည်သူလူထုကို အထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက်ရှိသဖြင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကာ ပြည်သူလူထုများ သတင်းအမှန်ကို သိရှိစေရေး၊ ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၇/၂၀၂၃) သို့ တက်ရောက်အမှာစကား ပြောကြား

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၇/၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးက အမှာစကား ပြောကြားရာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကော်ဖီစိုက်ပျိုးမှုတွင် လာမည့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးဧက ၂၇၉၀၀ ထပ်မံတိုးချဲ့ စိုက်ပျိုးရန်၊ လျာထားဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် ကော်ဖီပျိုးပင်များကိုလည်း ကြိုတင်စိုက်ပျိုးထားမည်ဆိုပါက များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုသို့တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက စုစုပေါင်း စိုက်ဧက ၃ သိန်း ရှိမည်ဖြစ်ပါသဖြင့် နောင် ၅ နှစ်မှ ၇ နှစ်အတွင်း အဆိုပါအသီးအပွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ မျိုးကောင်းသည့် ကော်ဖီများထုတ်လုပ်နိုင်ရန် လိုကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် ရိုဘက်စတာ ကော်ဖီမျိုးများကို စိုက်ပျိုးနိုင်ကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးဧက ၁ သန်း ၆ သိန်းကျော် ရှိကြောင်း ၊ ရော်ဘာထုတ်ကုန်သည်လည်း သေချာသည့် ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်ပြီး၊ အဆင့်ရှိသည့် ကုန်ကြမ်းများကို ထုတ်လုပ်နိုင်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ပြည်ပပို့ကုန်များနှင့် ပတ်သက်၍ ဝင်ငွေအပေါ် သင့်လျော်သည့် အချိုးများဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့၍ ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီ ဈေးနှုန်းများကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့သော် မသမာသူများက စားသုံးဆီဈေးများ ကြီးမြင့်အောင်ဆောင်ရွက်ခဲ့မှုများကြောင့် ပြည်သူများအတွက် ထိခိုက်မှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါမသမာမှုများ လုပ်ဆောင်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကိုလည်း အခြေခံသည့် MSME လုပ်ငန်းများကိုလည်း အားပေးကြရန်လိုပြီး၊ ပြည်တွင်း၌သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်ရေး စဉ်စားဆောင်ရွက်ကြရန် လိုကြောင်း၊ သဘာဝထွက်ပစ္စည်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းမှ ထွက်ရှိလာသည့် ပစ္စည်းများကို အခြေခံသည့် အသုံးအဆောင်များ များစွာရှိသည့် အတွက် ဒေသတစ်ခုတည်း ဈေးကွက်မဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်း ဈေးကွက်သာမက၊ ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ

ကျယ်ကျယ် ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တွင် ၎င်းတို့ တောင်းဆိုနေသည့် အချက်များ အားလုံးပါဝင်ပြီးဖြစ်ပြီး ပြည်ထောင်စုကြီး လုံးဝပြိုကွဲ၍ရမည် မဟုတ်ကြောင်း၊ ဒို့တာဝန်အရေး သုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အဆိုပါ အမျိုးသားရေးလုပ်ငန်း သုံးရပ်ကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံ မည်မဟုတ်ကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်လာပါက ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို သက်ဆိုင်ရာ ဒေသနှင့် ဒေသခံများကသာ ခံစားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် စီးပွားရေးအရလည်း ထိခိုက်မှုရှိပြီး ခရီးသွားလုပ်ငန်းများ၌ များစွာ ထိခိုက်နစ်နာမှုများရှိကြောင်း၊ နိုင်ငံရေးအရ၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှသာလျှင် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



## ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက လက်ရောက်အပ်နှင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikola PATRUSHEV က ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ ၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံအပ်နှင်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍ တိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးကြီးမားသော ကြိုးပမ်းမှုများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား Order of Alexander Nevsky ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား Order of Friendship ဘွဲ့တံဆိပ်ကို လည်းကောင်း၊ ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ပါကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက ပြောကြားခဲ့သည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikola PATRUSHEV က လက်ရောက်အပ်နှင်း ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikola PATRUSHEV တို့ တွေ့ဆုံဆွေးနွေးစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikola PATRUSHEV က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား Order of Friendship ဘွဲ့တံဆိပ်ကို လက်ရောက်အပ်နှင်းစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေး ကောင်စီ အတွင်းရေးမှူး H.E. Mr. Nikola PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ဂုဏ်ပြုချီးမြှင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သည် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံ တည်ဆောက်နိုင်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikola PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ကျင်းပ ပြုလုပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေး ကောင်စီ အတွင်းရေးမှူး H.E. Mr. Nikola PATRUSHEV ထံ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့် အပ်နှင်းသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍနှင့်သက်ဆိုင်သည့် ဦးတည်ချက်များ အောင်မြင်ရေးကို ယခုကျင်းပသည့် ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှ ရရှိလာမည့် အတွေ့အကြုံများ၊ ဗဟုသုတများ၊ နည်းပညာသစ်များကို သေချာစွာ ဆန်းစစ်လေ့လာပြီး တီတွင်ဆန်းသစ်မှုများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ပေးသွားကြရန်၊ တိုင်းရင်းသားပြည်သူအားလုံး ရောဂါဘယကင်းရှင်းပြီး သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်ရေးနှင့် မျှော်မှန်းသက်တမ်း မြင့်မားလာရေးအတွက် နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို ပိုမိုတိုးတက်မြင့်မားလာစေရေး အားလုံးက ဝိုင်းဝန်းပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါသည်။




Myanmar Public Health Conference (2023)
"Public Health: improving the longevity and health of the nation"

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြား

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိဓမ္မ မင်းအောင်လှိုင် က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် မျိုးဆက်သစ်ခေါင်းဆောင်ငယ်များ ထပ်မံမွေးထုတ်ပေးနိုင် ခဲ့သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းသည် ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကိုသစ္စာရှိရန်၊ မိမိအလုပ်၊ နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာ ရှိရန် မိမိကိုယ်တိုင်သာမက နိုင်ငံတော်နှင့် တပ်မတော်အပေါ် ယုံကြည်ချက်၊ ခံယူချက်မြင့်မားစွာ ထားရှိရန်လိုကြောင်း အထူးအလေးထား မှာကြားလိုကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိပြီး၊ တပ်မတော်၏အားသည် တပ်မတော်အတွင်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေ ထိုင် တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ် မွေးမြူပြီး စည်းလုံးညီညွတ် မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေကြောင်း၊ တပ်မတော် သားများနှင့် မိသားစုဝင်များ၊ ပြည်သူများအားလုံး စုပေါင်းအားနှင့်ရှိနေပါက မည်သည့်အရာကို မဆို ရင်ဆိုင်အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် တပ်တွင်းစည်းရုံးရေး သာမက ပြည်သူအားလုံး ၏ စုပေါင်းအားကို ရရှိစေရန်အတွက် တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထား လုပ်ဆောင် သွားရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၂၁ရာစုခေတ်သစ်စစ်ပွဲများသည် အကန့်အသတ် အထားအဆီးမဲ့ပုံစံဖြင့် အရပ် မျက်နှာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လာခြင်း ဖြစ်ကြောင်း၊ တိုးတက်လာသည့် ခေတ်မီစစ်လက်နက်ပစ္စည်းများကြောင့် ပြောင်းလဲသွားမည့် စစ်ပွဲ၏ပုံစံနှင့် စစ်ဗျူဟာများသည် ကြိုတင်မျှော်တွေးကြရမည်ဖြစ်ကြောင်း၊ ခေတ်မီဆန်းသစ်လာသည့် ကွပ်ကဲမှုဖြင့် ကြီးကြပ်မှုစနစ်ကို နားလည်တတ်ကျွမ်းအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပြီး နည်းပညာများနှင့် လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာ များကိုလည်း လေ့လာနေရမည်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကိုလည်း ဖြတ်သန်းခဲ့ရသည့် သမိုင်း

အတွေ့အကြုံအရ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ကိုက်ညီသည့် နိုင်ငံရေး ရည်မှန်းချက် (၂) ရပ်ဖြစ်သည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ကို အောင်မြင်စွာ အကောင် အထည်ဖော်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။





# ကော်ဖီစိုက်ပျိုးရေးသည် ပြင်ဦးလွင်ဒေသနှင့် ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ စီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို မပြတ်မနေ ဆောင်ရွက်သွားရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာ များနှင့် ဒေသထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ပြင်ဦးလွင်ဒေသကို လွန်ခဲ့သည့် ဆယ်စုနှစ်ကတည်းက ကော်ဖီစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အား ကော်ဖီမြို့တော် ဖြစ်စေ ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်သည့် ကော်ဖီများကို ပြည်တွင်း၊ ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်မှစ၍ ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုကို စနစ်တကျဖြင့် ဆောင်ရွက်သွားမှသာလျှင် နောင်လာမည့် ၅ နှစ် ၇ နှစ်အတွင်း ကော်ဖီထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ကော်ဖီသည် ဒေသအတွက်၊ တိုင်းပြည်အတွက် အကျိုးရှိမည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ပြင်ဦးလွင်မြို့ကို ဒေသထွက်ကုန်အရ ကော်ဖီ မြို့တော်ဖြစ်လာစေရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားခဲ့သည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီ နေရပ်စွန့်ခွာ ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်း ကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ် စွန့်ခွာဒေသခံ ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် က သီရိမင်္ဂလာ မန်ဆူရှမ်း ကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ် စွန့်ခွာဒေသခံ ပြည်သူများအား ၎င်းတို့၏ နေရပ်များတွင် အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မိမိတို့ဒေသများသို့ ပြန်လည်ရောက်ရှိချိန်တွင်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရနှင့် တပ်မတော်မှ လိုအပ်သည်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လိုအပ်သည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး၊ ထပ်မံ၍လည်း ပေးပို့ပေးမည် ဖြစ်ကြောင်း ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု အမြန်ဆုံးရရှိရေးကို လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း အားပေးစကား ပြောကြားခဲ့သည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)ဖွဲ့စည်းတည်ထောင်မှု (၇၆) နှစ် မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြားရာတွင် ယနေ့မျက်မှောက်ခေတ်၏ ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်မည်ဆိုပါက စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအရေးပါသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ တပ်မတော် (လေ) အနေဖြင့် ခေတ်သစ်စစ်ပွဲများအတွင်း နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့၏ အခန်းကဏ္ဍသည် ပဋိပက္ခများ၏ ရလဒ်ကို အဆုံးအဖြတ် ပေးနိုင်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားသကဲ့သို့ ယခင်အတိတ်ကာလ အတွေ့အကြုံများမှ သင်ခန်းစာရယူပြီး အနာဂတ်ကာလအတွက် အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းမည့် နည်းလမ်းကောင်းများကို ရှာဖွေသွားရမည်ဖြစ်ကြောင်း၊ ယနေ့တပ်တော်ဝင်မည့် Su-30 SME တိုက်လေယာဉ်များသည် စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်များဖြစ်သည့်အတွက် ယခုကဲ့သို့ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော် (လေ) ၏ လေကြောင်းစွမ်းအားကို တိုးမြှင့်ပေးရာ ရောက်သကဲ့သို့ တပ်မတော် (လေ)၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် လေကြောင်းစွမ်းအားနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်အများစုကို ထိရောက်စွာ စွမ်းဆောင်နိုင်သော မဟာဗျူဟာ မြောက် စွမ်းရည်အချို့ကို ပိုင်ဆိုင်သည့် နည်းဗျူဟာမြောက် လေတပ်အဖြစ် ကူးပြောင်းရပ်တည် နိုင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေး

(၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီး ချုပ် မစ္စတာ လီချန်း တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်း ဆီဖန်ဒုံ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆရက်ထာ ထာဗီဆင်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်မင်ချင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ဆွေးနွေးပြောကြားရာတွင် “မဲခေါင်-လန်ချန်း ခရီး သွားလာရေး မြို့တော်များတည်ဆောက်ခြင်း၊ မဲခေါင်-လန်ချန်း လေကြောင်းခရီးသွားလာမှု ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နှင့် မိတ်ဖက်ထူထောင်ခြင်း” လုပ်ငန်းစဉ်များကို ကြိုဆိုပါကြောင်း၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများ၊ ဆိုက်ဘာ ရာဇဝတ်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စသည့် ရာဇဝတ်မှုများသည် ဒေသတွင်း လုံခြုံရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ “မဲခေါင်-လန်ချန်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန” က ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်း ပူးပေါင်းညှိနှိုင်းရေး အခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ မြန်မာ

နိုင်ငံသည် ပူးတွဲ ဥက္ကဋ္ဌ အနေဖြင့်လည်းကောင်း၊ တာဝန်သိအဖွဲ့ဝင် အနေဖြင့် လည်းကောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အစဉ်တန်ဖိုးထားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဝါဒများ၊ စိတ်ဓာတ်များနှင့်အညီ တက်ကြွစွာ ဆက်လက်ပါဝင် ဆောင်ရွက်သွားမည် ဖြစ်သည်ကို ကတိကဝတ်ပြု ပြောကြားပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အနာဂတ်လုပ်ငန်းအစီအစဉ်များအတွက် မူဝါဒလမ်းညွှန် တစ်ရပ်အဖြစ် "နေပြည်တော်ကြေညာစာတမ်း" နှင့် အဖွဲ့ဝင်နိုင်ငံများအကြား အိမ်နီးချင်းကောင်း ပီသမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇)" နှင့် "မဲခေါင်-လန်ချန်း တီထွင်ဆန်းသစ်မှုစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲအစီအစဉ်" တို့ကို အတည်ပြုထုတ်ပြန် ခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျ ပူးတွဲဥက္ကဋ္ဌတာဝန်ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

(၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး နှင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။


MYANMAR


CHINA

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



# ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် ဆွေးနွေးပွဲကျင်းပ

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC II) ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်၊ အဆင့်မြင့်အရာရှိကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်း ပတ်ထရူးရှက်ဖ် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး အခြေအနေ၊ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာသတင်းအချက်အလက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။





# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗီနေး ကူးမား အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ (၀၉၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ က မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ (၁၀၀၀) နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှု အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။




## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ တွေ့ဆုံဆွေးနွေး


တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးများ ကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ၆-၁၂-၂၀၂၃ ရက် (၁၆၃၀) နာရီတွင် ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးသန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် အစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအား ပိုမိုခိုင်မာစေရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းအောက်မှ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ တရုတ်-မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးနှင့် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးကွန်ရက် တည်ထောင်ရေးအပါအဝင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ထိန်းသိမ်းသွားရေးအပြင် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှုနှင့် အွန်လိုင်းလိမ်လည်မှုများ အမြစ်ပြတ် တိုက်ဖျက်သွားရေးအတွက် နှစ်ဖက်တရားဥပဒေစိုးမိုးရေး အဖွဲ့များအကြား ပိုမို နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးအပေါ် ထိခိုက်စေနိုင်သည့် သတင်းအမှားများကို ဟန့်တားထိန်းချုပ်သွားနိုင်ရန် မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံပြည်သူများအကြား ယုံကြည်မှု၊ နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ သင့်လျော်မည့် အချိန်တွင် ပဥ္စမအကြိမ်မြောက် ပင့်ဆောင်သွားနိုင်ရန်အတွက် နှစ်ဖက်ဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့အပေါ် အစဉ်လေးစားမှုနှင့် မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မပြုခြင်းနှင့် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း ရွေးချယ်မှုတို့အပေါ် ထောက်ခံလျက်ရှိသည့် တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို ထပ်လောင်း အတည်ပြုပြောကြားခဲ့ကြောင်း သိရှိရပါသည်။






## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီးအာ တို့ တွေ့ဆုံဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပသည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ၇-၁၂-၂၀၂၃ ရက်၊ (၀၉၀၀) နာရီတွင် ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီးအာ တို့တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ကာလရှည်ကြာတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ခရီးသွားလုပ်ငန်း၊ သာသနာရေး၊ ယဉ်ကျေးမှုကဏ္ဍများနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေး ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန် ထောက်ခံရပ်တည်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။





## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာ တို့ တွေ့ဆုံ ဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပသည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ၇-၁၂-၂၀၂၃ ရက်၊ (၁၀၃၀) နာရီတွင် ပေကျင်းမြို့ရှိ China World ဟိုတယ်၌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာ တို့တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်ဖက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် မြန်မာ-ထိုင်း နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့ပြင် နယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေး၊ နယ်စပ်ဒေသရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးအပ်နိုင်မှု အလားအလာများ၊ မြန်မာနိုင်ငံ အရှေ့မြောက်နယ်စပ်ဒေသများတွင် ပိတ်မိနေသည့် ထိုင်းနိုင်ငံသားများအား နေရပ်ပြန်လည်ပို့ဆောင်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် တရားဥပဒေအရ ၎င်းတို့ ရပိုင်ခံစားခွင့်များ ရရှိစေရေးနှင့် အကာအကွယ် ပေးသွားရေးနှင့် နှစ်နိုင်ငံအကြား အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။





## တရုတ်နိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ပေကျင်းမြို့၊ ကျောက်ယွိထိုင် နိုင်ငံတော် ဧည့်ဂေဟာ၌ ကျင်းပပြုလုပ်ခဲ့သည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် မြန်မာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဆုပ်ချန်ဒါ ဆိုဖီအာ (Mr. Sok Chenda Sophea)၊ လာအိုနိုင်ငံ၊ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီဝင်နှင့် လာအိုပြည်သူ့တော်လှန်ရေးပါတီ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ သောန်ဆာဗန် ဖုန်ဗီဟန် (Mr. Thongsavanh Phomvihane)၊ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာ (Mr. Parnpree Bahiddha Nukara)နှင့် ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗွီသန်းစွန်း (Mr. Bui Thanh Son) တို့ပါဝင်တက်ရောက်ခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် အစည်းအဝေး၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အလားအလာများကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ ထို့ပြင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများမှ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး အစည်းအဝေးရလဒ်များအပေါ် ရှင်းလင်းပြောကြားခဲ့သည်။

(၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြစ်ပြီး၊ ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပိုမိုရှင်သန်ခိုင်မာစေရေးဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုတွင် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအား အထောက်အကူပြုနိုင်စေရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ စီမံကိန်း (၁၀၆) ခု အတွက် စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၁.၆ သန်းအား မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ကြောင်း သိရှိရပါသည်။







澜沧江-湄公河合作第八次外长会
THE 8TH LANCANG-MEKONG COOPERATION FOREIGN MINISTERS' MEETING
2023年12月7日 中国·北京
DECEMBER 7, 2023 BEIJING, CHINA


澜沧江-湄公河合作第八次外
THE 8TH LANCANG-MEKONG COOPERATION FOREIGN MINISTERS
2023年12月7日 中国·北京
DECEMBER 7, 2023

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး မစ္စတာ ရှီယွီကန်းတို့ တွေ့ဆုံဆွေးနွေး

(၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေး ကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ၉-၁၂-၂၀၂၃ ရက်၊ (၁၇၀၀) နာရီတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကူမင်းမြို့ တွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး၊ ဦးသန်းဆွေ နှင့် တရုတ် ကွန်မြူနစ်ပါတီ၊ ယူနန်ပြည်နယ်ပါတီကော်မတီ ဒုတိယ အတွင်းရေးမှူး မစ္စတာရှီယွီကန်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် အစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေး၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အပါအဝင် တရုတ်နိုင်ငံတို့ အကြား နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။





## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Ramanathan Balakrishnan အား လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Ramanathan Balakrishnan အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ ၁၄၃၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ၎င်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စများအပေါ် ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။



## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အားလက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (United Nations High Commissioner for Refugees - UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ၁၀၃၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ ခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် UNHCR တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက် နေမှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ ကြပါသည်။



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနကိုယ်စားလှယ် Ms. Elena Ajmone Sessera ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ မွန်းလွဲတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် ရုံးအမှတ် (၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံခဲ့သည်။


ထို့သို့ တွေ့ဆုံစဉ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလှိုင်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera တို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေများ လိုက်နာရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်ကအပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ၁၀:၀၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC မှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အကူအညီ လိုအပ်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။



## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး က မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ (၁၄၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ လေကြောင်းချိတ်ဆက်မှုနှင့် ခရီးသွားလာမှုဆိုင်ရာ ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံရောက် နီပေါနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။



## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး (၂၀) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၀) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် အတွက် အိန္ဒိယသမ္မတနိုင်ငံ၊ နယူးဒေလီမြို့သို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက် အထိသွားရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ဒေသစံတော်ချိန် (၁၂၀၀) နာရီတွင် နယူးဒေလီမြို့ရှိ ဟိုက်ဒြာဘတ်အစိုးရဧည့်ဂေဟာ၌ ကျင်းပ ပြုလုပ်သည့် (၂၀) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနိုင်ငံ ခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲအား အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ဗီနေး မိုဟန် ကွာထရာနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ကောင်စစ် ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင် မည့်ကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို နှစ်ဖက်ချစ်ကြည်ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ပ ရေးရာဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာနှင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ဒေသ စံတော်ချိန် (၁၇၀၀) နာရီတွင် ပြည်ပရေးရာဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံဂါရဝပြုခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက် ရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေး၊ ပေါင်းစည်းချိတ်ဆက်မှု ကဏ္ဍ အပါအဝင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးကိစ္စများအပေါ် ရင်းနှီးပွင့်လင်း စွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။





## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးလွင်ဦးက ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ ဗန်ကောက်မြို့အခြေစိုက်အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး၏ ညွှန်ကြားရေးမှူး Mr. Pio Smith အား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးလွင်ဦးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ ဗန်ကောက်မြို့ အခြေစိုက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး၏ ညွှန်ကြားရေးမှူး ဖြစ်သူ Mr. Pio Smith အား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်၊ (၁၆၀၀) နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း နယ်ပယ်များ နှင့် UNFPA နှင့် မြန်မာနိုင်ငံအစိုးရတို့အကြား အနာဂတ်တွင် ပူးပေါင်း ဆောင်ရွက် နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ ကြကြောင်း သိရှိရပါသည်။



## အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ် အာဆီယံကော်မတီ (တိုကျို) ညှိခံပွဲသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

အာဆီယံသံအမတ်ကြီးများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံကော်မတီ(တိုကျို)မှ ကြီးမှူးကျင်းပသည့် အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ် Afternoon Tea Reception ညှိခံပွဲကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ၁၃၃၀ နာရီမှ ၁၅၀၀ နာရီအထိ အင်ဒိုနီးရှားသံအမတ်ကြီးနေအိမ်တွင် ကျင်းပပြုလုပ်ခဲ့ရာ တိုကျိုမြို့အခြေစိုက် အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့်ဇနီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ သံတမန်များ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ် ၅၀ ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးဆိုင်ရာ အတွင်းရေးမှူးရုံး၊ ညွှန်ကြားရေးမှူးချုပ် Mr. Masuo Hirotaka လည်း အထူးညှိသည်တော်အဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါညှိခံပွဲသို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ သံအမတ်ကြီး ဦးစိုးဟန်နှင့် ဇနီး၊ မြန်မာသံရုံးအရာထမ်းများ ပါဝင်တက်ရောက်ခဲ့ပါသည်။

ညှိခံပွဲတွင် အာဆီယံကော်မတီ(တိုကျို)၏ ဥက္ကဋ္ဌဖြစ်သူ ကမ္ဘောဒီးယားသံအမတ်ကြီး H.E. Mr. TUY Ry ၊ အာဆီယံ၏ လက်ရှိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံကိုယ်စားပြု၍ အင်ဒိုနီးရှား သံအမတ်ကြီး H.E. Mr. Heri Akhmadi နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးဆိုင်ရာ အတွင်းရေးမှူးရုံး၊ ညွှန်ကြားရေးမှူးချုပ် Mr. Masuo Hirotaka တို့က အမှာစကားများ အသီးသီးပြောကြားခဲ့ကြပါသည်။ ညှိခံပွဲတွင် အာဆီယံနိုင်ငံများမှ မိမိတို့နိုင်ငံအလိုက် ရိုးရာ အစားအစာများဖြင့် တည်ခင်းညှိခံခဲ့ကြောင်း သိရှိရပါသည်။





# (၃၁၉) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို)အစည်းအဝေးနှင့် အာဆီယံကော်မတီ (တိုကျို) ၏ အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

တိုကျိုမြို့အခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံကော်မတီ(တိုကျို) ၏ (၃၁၉) ကြိမ်မြောက်အစည်းအဝေးနှင့် တစ်ဆက်တည်းတည်း အာဆီယံကော်မတီ (တိုကျို) ၏အလှည့်ကျဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် တိုကျိုမြို့ Tokyo Garden Palace Hotel ၌ အာဆီယံကော်မတီ(တိုကျို) ဥက္ကဋ္ဌဖြစ်သော ဂျပန်နိုင်ငံဆိုင်ရာ ကမ္ဘောဒီးယား သံအမတ်ကြီး H.E. Mr. TUY Ry ကကြီးမှူး၍ ကျင်းပပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးဦးစိုးဟန်သည် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် အာဆီယံကော်မတီ(တိုကျို)၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးအပြီးတွင် အာဆီယံကော်မတီ(တိုကျို) ၏ လက်ရှိဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီးယားသံအမတ်ကြီး H.E. Mr. TUY Ry မှ အင်ဒိုနီးရှား သံအမတ်ကြီး H.E. Mr. Heri AKHMADI ထံသို့ အာဆီယံကော်မတီ(တိုကျို) ၏ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားနှင့် ညစာစားပွဲကို ဆက်လက်ကျင်းပခဲ့ပါသည်။ အာဆီယံကော်မတီ (တိုကျို)၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို တိုကျိုမြို့အခြေစိုက် အင်ဒိုနီးရှားသံရုံးမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ဇွန်လ အထိ တာဝန်ယူ ဆောင်ရွက်မည် ဖြစ်ကြောင်း သိရှိရပါသည်။





## အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု နှစ် (၅၀) ပြည့် အထိမ်းအမှတ် ထိပ်သီး အစည်းအဝေးအကြို အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်

အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ် (၅၀) ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးအကြို အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် တိုကျိုမြို့အခြေစိုက် ထိုင်းသံရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးကို အာဆီယံ-ဂျပန် ဆက်ဆံရေးညှိနှိုင်းရေးမှူးဖြစ်သည့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီး H.E. Sarun Charoensuwan က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ တိုကျိုမြို့ အခြေစိုက် သံအမတ်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု နှစ် (၅၀) ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ ထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်မည့် ထုတ်ပြန်ချက်များ၊ အာဆီယံက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များတွင် မပြီးပြတ်သေးသည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် သံအမတ်ကြီးဦးစိုးဟန်မှ အာဆီယံ၏တူညီဆန္ဒ (၅) ရပ်အပေါ် မြန်မာနိုင်ငံ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာအစိုးရ အနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ခွဲခြားဆက်ဆံခြင်းမရှိဘဲ လိုအပ်သူများထံ ပေးအပ်လျက်ရှိနေမှုများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အမှန်တကယ် လိုအပ်သူများထံ ပေးအပ်သွားနိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management -AHA Centre) တို့နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။





# IKEBANA International Fair 2023 သို့ မြန်မာသံရုံး၊ တိုကျိုမြို့မှ ပါဝင်ဆင်နွှဲ

တိုကျိုမြို့အခြေစိုက် အီကေဘားနား နိုင်ငံတကာပြပွဲ ၂၀၂၃ ( IKEBANA International Fair 2023) အား ၁၂-၁၂-၂၀၂၃ ရက်တွင် တိုကျိုမြို့ရှိ Royal Park Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာသံရုံး၊ တိုကျိုမြို့မှ မြန်မာ့ရိုးရာလက်မှုပစ္စည်းများအား ပါဝင်ခင်းကျင်း ပြသရောင်းချခဲ့ပါသည်။

အဆိုပါ IKEBANA International Fair 2023 သို့ H.I.H Princess Takamado ၊ ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ၏ ဇနီး၊ ယခင်နိုင်ငံခြားရေးဝန်ကြီး Hayashi ၏ ဇနီး၊ တိုကျိုမြို့ အခြေစိုက် သံရုံးများ မှ သံအမတ်ကြီးများ၊ ဇနီးများ၊ ဂျပန်နိုင်ငံသားများအပြင် စိတ်ပါဝင်စားသူ အများအပြား လာရောက်ကြည့်ရှုခဲ့ကြပါသည်။ အဆိုပါပြပွဲသို့ ဂျပန်နိုင်ငံရှိ စီးပွားရေးကုမ္ပဏီများ၊ အဖွဲ့အစည်း များအပြင် အာရှ၊ ဥရောပ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် တောင်အမေရိက ဒေသနိုင်ငံများရှိ သံရုံးများမှ ပြခန်းများနှင့် ဆိုင်ခန်းများ ဖွင့်လှစ်၍ ရိုးရာအစားအသောက်များ၊ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများအား ပါဝင်ပြသ ရောင်းချခဲ့ကြပါသည်။

IKEBANA International Fair 2023 ဖွင့်ပွဲအခမ်းအနားတွင် H.I.H Princess Takamado မှ အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် H.I.H Princess Takamado သည် ဂျပန်အီကေဘားနား ပန်းပြပွဲတွင် ခင်းကျင်းပြသထားမှုများ၊ သံရုံးပြခန်းဆိုင်ခန်းများနှင့် ဂျပန်ကုမ္ပဏီအဖွဲ့အစည်းများ၏ ပြခန်းဆိုင်ခန်းများအား လှည့်လည် ကြည့်ရှုဝယ်ယူအားပေးခဲ့ပြီး သံအမတ်ကြီးများ၏ ဇနီးများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ပါသည်။

IKEBANA International Fair 2023 တွင် မြန်မာသံရုံးမှ ပြခန်းတစ်ခန်းဖွင့်လှစ်၍ မြန်မာ့ယဉ်ကျေးမှု ရိုးရာယွန်းထည်ပစ္စည်းများ၊ မြန်မာ့တွင်းထွက် လက်ဝတ်ရတနာများ၊ ငွေထည် ပစ္စည်းများ၊ ကျောက်စိမ်းလက်ဝတ်ရတနာများ၊ မြန်မာ့ရွှေချည်ထိုး၊ ငွေချည်ထိုး လက်မှုအသုံး အဆောင်များ၊ မြန်မာ့သစ်ဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ပိုးနှင့် ချည်ထည်အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ကော်ဖီထုတ်ကုန်များ၊ မြန်မာ့သစ်သား အား ဂျပန် နည်းပညာကို အသုံးပြု၍ ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ စသည်တို့ကို ခင်းကျင်းပြသ ရောင်းချခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ သဘာဝအလှအပများ၊ သတင်း အချက်အလက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကိုလည်း လာရောက်ကြည့်ရှု သူများအား ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။



H.I.H Princess Takamado နှင့် တိုကျိုမြို့အခြေစိုက် သံရုံးများမှ သံအမတ်ကြီးများ၊ ဇနီးများနှင့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစဉ်၊



H.I.H Princess Takamado မှ မြန်မာပြခန်းသို့ လာရောက်ကြည့်ရှု့အားပေးစဉ်၊



H.I.H Princess Takamado မှ မြန်မာပြခန်းသို့ လာရောက်ကြည့်ရှုအားပေးစဉ်၊



မြန်မာ့ရိုးရာလက်မှုပစ္စည်းများအား လာရောက်သူများမှ ဝယ်ယူအားပေးနေစဉ်၊

## ၂၀၂၃ ခုနှစ်၊ (၁၁) လအတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသွား ဦးရေ စုစုပေါင်း ၂.၅ သိန်း ဝင်ရောက်ခဲ့ခြင်း

မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) အရ ၂၀၂၃ ခုနှစ် ပထမ (၁၁) လ အတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသွား ဦးရေ စုစုပေါင်း ၂.၅ သိန်း ဝင်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ ယခုနှစ်၏ ဇန်နဝါရီလမှ နိုဝင်ဘာလ (၂၂) ရက်နေ့အထိ နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသွား ဦးရေ မှာ ၂၄၅,၀၀၀ ဖြစ်ကြောင်း MTF မှ ဖော်ပြထားပါသည်။ ဖော်ပြပါ MTF စာရင်းတွင် ၂၀၂၁ ခုနှစ်တွင် နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသွား ဦးရေ ၁၂,၀၀၀ ဝင်ရောက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့လှည့်ခရီးသွား ဦးရေ ၈၇,၀၀၀ အထိ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း သိရှိရပါသည်။


ဝင်ရောက်ခဲ့သည့် ကမ္ဘာ့လှည့်ခရီးသွားများအနက် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားအရေအတွက်မှာ အများဆုံးဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ် တစ်နှစ်တည်းတွင် ထိုင်းနိုင်ငံ မှ ခရီးသွားအရေအတွက်မှာ ၄၀,၀၀၀ ကျော် အထိ တိုးတက်များပြားခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ လာမည့် ၂၀၂၄ ခုနှစ်၊ မတ်လ ကမ္ဘာ့လှည့် ခရီးသွား ကာလအတွင်း တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အခြားအာဆီယံနိုင်ငံများမှ ကမ္ဘာ့လှည့်ခရီးသွားများအား ပိုမိုဖိတ်ခေါ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမ ၈ လတာကာလအတွင်း ပြည်ပသို့ ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆၁ သန်း ရရှိခဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီလမှ နိုဝင်ဘာလအထိ) ပထမ ၈ လတာ ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၇၅၉,၆၇၃ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၃၆၁ သန်း ရရှိခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ တန်ချိန် ၆၈၅,၄၁၅ တန်နှင့် နယ်စပ်မှ တန်ချိန် ၆၄,၂၅၈ တန် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီလမှ နိုဝင်ဘာလအထိ) ပထမ ၈ လတာ ကာလအတွင်း မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနက် နိုဝင်ဘာလ၊ အောက်တိုဘာလနှင့် မေလတို့တွင် အများဆုံး တင်ပို့နိုင်ခဲ့ပြီး လအလိုက် တင်ပို့ခဲ့မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂.၅ သန်း တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရရှိရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ထို့အတူ ဆန်တင်ပို့မှုကို ၁၀ ရာခိုင်နှုန်း တိုးတက်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အရည်အသွေးမြင့် ဆန်များကို တင်ပို့နိုင်ရေး ဦးစားပေး ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်းခန့် ရရှိခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲ အများဆုံးတင်ပို့ခဲ့သည့်

နိုင်ငံများမှာ တရုတ်နိုင်ငံ (တန်ချိန် ၇၇၅,၀၀၀)၊ ဘယ်လ်ဂျီယံနိုင်ငံ (တန်ချိန် ၃၂၃,၀၀၀)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ (တန်ချိန် ၂၃၉,၀၀၀)နှင့် ဖိလစ်ပိုင်နိုင်ငံ (တန်ချိန် ၂၀၂,၀၀၀)တို့ ဖြစ်ပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ဆန်တန်ချိန် ၂.၁၆၄ သန်းတန် တင်ပို့နိုင်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၈၀၉.၁၃၅ သန်းကျော် ဝင်ငွေရရှိခဲ့ပါသည်။

## အမေရိကန်၊ ဂျပန်၊ ကိုရီးယား နိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၂) နိုင်ငံကို မြန်မာ့အထည်အလိပ်ကို အဓိက တင်ပို့နေ

အမေရိကန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံ အပါအဝင် နိုင်ငံပေါင်း (၁၂) နိုင်ငံကို မြန်မာ့ အထည်အလိပ်ကို အဓိက တင်ပို့နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အရ သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ်ကဏ္ဍမှ ပြည်ပတင်ပို့ရာတွင် CMP စနစ်ဖြင့် ဆောင်ရွက် သည့် လုပ်ငန်းဆောင်ရွက်မှုမှာ အများဆုံးဖြစ်ပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် အထည်ချုပ်လုပ်ငန်းမှ နိုင်ငံပေါင်း ၁၀၀ ကျော်ကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ ကို တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

လက်ရှိဘဏ္ဍာနှစ်မှာလည်း နိုင်ငံပေါင်း ၈၀ ကျော်ကို အဓိကထားတင်ပို့လျက်ရှိရာ ဂျပန်၊ ပိုလန်၊ စပိန်၊ ဂျာမနီ၊ ကိုးရီးယား၊ UK ၊ နယ်သာလန်၊ အီတလီ၊ USA ၊ ပြင်သစ်၊ ဒိန်းမတ်နှင့် ဘယ်လ်ဂျီ ယံ နိုင်ငံများသည် အဓိက တင်ပို့နေသည့် ဈေးကွက်များဖြစ်ကြောင်း သိရှိရသည်။

## အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလ ၂ လအတွင်း မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၁ သန်းနှင့် ပဲစင်းငုံ တန်ချိန် ၄ သိန်း တင်သွင်းသွားမည်

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်း၌ ဈေးနှုန်းမြင့်တက်လာမှုကို လျှော့ချနိုင်ရန်အတွက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ (၂)လတာ ကာလအတွင်း မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၁ သန်းနှင့် ပဲစင်းငုံ တန်ချိန် ၄ သိန်း တင်သွင်းသွားမည် ဖြစ်ကြောင်း The Economic Times တွင် ဖော်ပြထားပါသည်။

ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံတွင် ပဲစိုက်ပျိုးထုတ်လုပ်နိုင်မှု ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည့်အတွက် ပြည်ပမှ ပဲအမျိုးမျိုး တင်သွင်းရန် ဆောင်ရွက်လျက် ရှိပါသည်။ အိန္ဒိယ အစိုးရအနေဖြင့်လည်း နိုင်ငံတော် အရန်ရိက္ခာတွင် ပဲအမျိုးမျိုး ထပ်မံဖြည့်တင်းခြင်းဖြင့် ဈေးနှုန်း မြင့်တက်မှုကို ရှောင်ရှားနိုင်ရေး ဆောင်ရွက်လျက် ရှိပြီး စားသုံးသူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်လာမှုကြောင့် အိန္ဒိယ အစိုးရအနေဖြင့် ပဲစင်းငုံအပေါ် ကောက်ခံသည့် သွင်းကုန်ခွန်ကို မတ်လတွင် လျှော့ချခဲ့ပြီး အာဖရိကနှင့် မြန်မာနိုင်ငံတို့မှ ပိုမိုတင်သွင်းမှုများ ပြုလုပ်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ပဲစင်းငုံကို အများဆုံးစားသုံးလျက် ရှိပြီး တစ်နှစ်လျှင် ပဲစင်းငုံ တန်ချိန် ၄.၅ သန်း လိုအပ်လျက် ရှိကြောင်း၊ လက်ရှိတွင် ပဲအမျိုးမျိုး တင်သွင်းမှုများ ပြုလုပ်လျက် ရှိခြင်းကြောင့် ပဲဈေးမှာ တဟုန်ထိုးမြင့်တက်နိုင်မည် မဟုတ်ကြောင်း အိန္ဒိယနိုင်ငံ ပဲအမျိုးမျိုးနှင့် ကောက်ပဲသီးနှံ အသင်းက ပြောကြားထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် မတ်ပဲ၊ ထောပတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲနှင့် ပဲစင်းငုံစသည့် ပဲအမျိုးမျိုး ကို အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဥရောပ အပါအဝင် နိုင်ငံပေါင်း ၆၀ ကျော်သို့ တင်ပို့လျက်ရှိပြီး အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့လျက် ရှိပါသည်။



## တောင်ကိုရီးယားနှင့်ဂျပန်တို့မှ မြန်မာ့ဆားကြမ်းကို တန်ချိန် ရာနှင့်ချီဝယ်ယူရန် ကမ်းလှမ်းထား

နှစ်စဉ်ဆားလိုအပ်ချက်ရှိနေသည့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ မြန်မာ့ဆားကြမ်းများကို တန်ချိန်ရာနှင့်ချီဝယ်ယူရန် ကမ်းလှမ်းထားပြီး လက်ရှိမှာ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းမှ သိရပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ဆား တန်ချိန်လေးသိန်းကျော် ထုတ်လုပ်လျက်ရှိပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အဓိကထုတ်လုပ်နေခြင်းဖြစ်ပါသည်။

လက်ရှိတွင် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ မြန်မာ့ဆားကြမ်း တင်ပို့နိုင်ရန်အတွက် မွန်ဒေသထွက်ဆားကို လျှာထားပြီး ဆားနမူနာများကို ဂျပန်နိုင်ငံသို့ ပြီးခဲ့သည့် ဩဂုတ်လတွင်လည်း ကောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ စက်တင်ဘာလတွင်လည်းကောင်း ဆားတန်ချိန် ၂၀ ပါဝင်သည့် ကွန်တိန်နာ တစ်လုံးစီ နမူနာ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

ဆားကြမ်းနမူနာများ ရရှိထားပြီးသည့် ဂျပန်နိုင်ငံအနေဖြင့် ယခု ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဆားလုပ်ငန်းရာသီတွင် အနည်းဆုံး ကွန်တိန်နာ အလုံး၃၀ (ဆားကြမ်းတန်ချိန်၆၀၀) မှာယူထားပြီးဖြစ်သည့်အပြင်တောင်ကိုရီးယားနိုင်ငံရှိကုမ္ပဏီတစ်ခုနှင့်လည်း တင်ပို့နိုင်ရေး နားလည်မှုစာချွန်လွှာ(MOU)လက်မှတ်ရေးထိုးခြင်းကို စက်တင်ဘာလနောက်ဆုံးပတ်တွင် ဆောင်ရွက်ထားပြီးဖြစ်သောကြောင့် မွန်ပြည်နယ်မှ ထွက်ရှိသည့် ဆားကြမ်းများကို ယခုနှစ် မကုန်မီ တင်ပို့နိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါသည်။ မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် ဒုတိယဆားအများဆုံးထွက် ရှိရာ ဒေသဖြစ်ပြီး ဆားကွင်းဧက ၄၅၀၀ ကျော်ဖြင့် လုပ်ကိုင်လျက်ရှိသည့်အပြင် ဆားတန်ချိန် ၅၀၀၀၀ ကျော်အထိ ထုတ်လုပ်လျက် ရှိပါသည်။